
တံခွန်တိုင်
စာပေတိုက်

လွန်းထားထား
(ဆေးတက္ကသိုလ်)

# ကောင်းကင်မှာ အရုပ်ရေးတဲ့ကြယ်



GRAPHIC DESIGN
THEIN SHWE KYI

# အခန်း(၁)

`ကော်ဖီချစ်သူ....`တဲ့။ နာမည်ကလေးက ချစ်စရာကောင်း လိုက်တာ။ ဆိုင်ကလေးရဲ့ အပြင်အဆင် အခင်းအကျင်းကရော ဘယ်လောက်ချစ်စရာကောင်းထားသလဲ။ ဆိုင်ခန်းကျဉ်းကျဉ်း ကလေးရဲ့ နံရံ တစ်ခုလုံးကို ကော်ဖီစေ့တွေချည်း ပန်းချီဆွဲထားတာလား၊ ဒါမှမဟုတ် wallpaper တွေ ကပ်ထားတာလား မသိ ကပ်ထားခြင်းမို့....ဆိုင်ထဲရောက်သွားသည်နှင့် ကိုယ်ပါ ကော်ဖီစေ့ တွေထဲ နစ်မြုပ်သွားသလို။ ဇီးသီးတို့ဘာတို့ လိုက်ရောင်းသော တွန်းလှည်း ကလေးမျိုး ကို....သူက ခနိမိုးကလေး နှင့် ချစ်စဖွယ် အလှဆင်ထားခြင်းဖြစ်သည်။

မှန်တံခါးလေးကို တွန်းဖွင့်ဝင်လိုက်တော့....

အထဲမှာ လူငယ်လေးတစ်ယောက်ပဲရှိသည်။ I pad ကလေး တစ်လုံးနှင့် ဘာတွေ စိတ်ဝင်စားနေမှန်း မသိ။ ကော်ဖီဆိုင်ကို ဘားကောင်တာလေးတစ်ခုလို ပြင်ဆင်ထားပြီး၊ ရှေ့မှာ ခုံဝိုင်းကလေးတွေ ခင်း ထားပေးသည်။ ဆိုင်ထဲမှာတော့ စားပွဲဝိုင်းကလေးတွေငါးဝိုင်းစာပဲရှိကာ၊ စားပွဲတစ်ဝိုင်းမှာ နှင်းဆီပွင့် ကလေးတစ်ပွင့်စီထိုးထားပေးသည်။ ဆိုင်ရဲ့အပြင်ဘက်မှာ ထိုင်ချင်ရင် လည်း ထိုင်လို့ရအောင် စားပွဲ ဝိုင်းကလေးတွေ ချခင်းပေးထားသေးတာမို့ ဆိုင်ကလေး သေးပေမယ့်....လူများများတော့ ထိုင်လို့ရ သားပဲ။

“မင်္ဂလာပါ....ကော်ဖီချစ်သူက ကြိုဆိုပါတယ်ခင်ဗျာ၊

“ကျွန်တော် ဘာဖျော်ပေးရမလဲ?”

လူငယ်လေးက....i pad ကိုချပြီး ကြည်လင်ချိုမြသော အပြုံးဖြင့် နှုတ်ဆက်သည်။

“မီနူးကဒ် မရှိဘူးလားဟင်....”

“ကျောက်သင်ပုန်း မီနူးပဲရှိတယ်….”

ဟုတ်သား…။ သူ ညွှန်ပြသော နံရံမှာ ကျောက်သင်ပုန်းတစ်ခု ချိတ်ဆွဲထားပြီး…. ကော်ဖီ List နဲ့ ကိတ်မုန့်နဲ့ မုန့်တစ်ချို့ နာမည်ကလေးတွေရေးထားတာမို့… သူမ ကပျာကယာဖတ် လိုက်ရသည်။ ဆိုင်ကလေးက တစ်မျိုးပါလား….။

မီနူးကဒ် မရှိ၊ စားပွဲထိုးလည်းမရှိ…. ကိုယ်တိုင်စနစ်ထင်ပါရဲ့။

အို…. မုန့် အဆန်းကလေးတွေလည်း ရတယ်လား။ Fruit Scone, Strawberry Cheese Cake, Apple Tart … Croissant လည်းရတယ်။

“အင်း… Cappuccino တစ်ခွက်နဲ့… Fruit Scone တစ်ခု၊ အို… ဒါလေးတွေက ဘာလေးတွေ လဲဟင်”

သူမကမှာနေရင်း မျက်စိက မှန်ဗီရိုကလေးပေါ်က ကြိမ်ခြင်းဝိုင်းကလေးထဲမှာ ထည့်ထား သော အစိမ်းရောင် အဝိုင်းအပြားစေ့ကလေးတွေဆီ ရောက်သွားသည်။ ကြယ်သီးပြားလို အစေ့ကလေးပေါ် က…. ပြုံးနေသော မျက်နှာပုံစံ…. အစက်ကလေးနှစ်စက်နှင့် ပစောက်ပုံဟာဟ ကလေး။ ဆိုင်ရှင်ကောင် လေးက အပြုံးကလေးနှင့်….

“ဒီတုံကင်ကလေးတွေက ကော်ဖီချစ်သူတွေက တစ်ခြားကော်ဖီချစ်သူတွေအတွက်… ဒါနပြုထားခဲ့ကြတာပါ၊ အကယ်၍ … ဆိုပါတော့… အစ်မက ကော်ဖီအရမ်းကြိုက်တဲ့သူ အရမ်းသောက် ချင်နေတဲ့ လူတစ်ယောက်ပေ့ါ၊ အကြောင်း အမျိုးမျိုး ကြောင့် အစ်မလက်ထဲမှာကော်ဖီဖိုး အဆင်သင့်ပါမလာဘူး၊ ဒါမှမဟုတ် တချို့ကကော်ဖီ သောက်ချင်ရက်နဲ့ ပိုက်ဆံအဆင်မပြေဖြစ်သွားတာမျိုး၊ အခက်အခဲတစ်ခုနဲ့ ကြုံသွားခဲ့ရင်… အဆင်ပြေပြေနဲ့ ကော်ဖီ သောက်လို့ရအောင် အရင်တွေကကြုံရင်ကြုံသလို ဒါနပြုသွားခဲ့တာမျိုးပါ”

“အိုး…. ချစ်ဖို့ကောင်း လိုက်တဲ့ ခလေ့ပါလား… ဘယ်လိုစိတ်ကူးမျိုး ရသွားတာလဲဟင်”

“ကျွန်တော် အင်တာနက်ထဲကနေ ဖတ်ရတာ ပါ၊ မနိုင်းနိုင်းစနေ ဘာသာပြန်ထားတဲ့ ပို့(စ်) ကလေးတစ်ခုဖတ်မိရင်း ကျွန်တော် အဲ့ဒီစိတ်ကူးလေးရသွားတာ၊ နိုင်ငံခြားမှာတော့ ဒီလို ခလေ့မျိုး ရှိတဲ့ဆိုင်ကလေးတွေရှိပါတယ်…. ”

“အိုကေ… ကျွန်မလည်း ကော်ဖီချစ်သူအတွက်ဒါနပြုခဲ့မယ်နော်…. ”

“ကျေးဇူးပါဗျာ… ”

ကောင်လေးက ကော်ဖီဖျော်စက်ကလေးကနေ Cappuccino တစ်ခွက်ကို တစ်ခါသုံးကော်ဖီခွက် အညိုရောင်ကလေးဖြင့် ဖျော်ထည့်ပေးကာ…. မှန်ဗီရိုကလေးထဲက Fruit Scone ကလေးကို လည်း၊ တစ်ခါသုံး ပန်းကန်ပြားကလေးနှင့်ပဲထည့်ပေးပါသည်။ ပိုက်ဆံရှင်းတော့ ကော်ဖီတစ်ခွက်စာ အတွက် အစိမ်းရောင်တုံကင်ဝိုင်းကလေးတစ်ခုကို သူမ ရှေ့မှာပဲခြင်းကလေး ထဲ ထည့်ပေးလိုက်သည်။ သူမစိတ်ထဲ ဒီဆိုင်ကလေးကို ဘယ်လိုနှစ်သက် သွားမှန်းမသိ။ ချစ်စရာ့ခလေ့ ကလေးတစ်ခုကို လက်ခံ ကျင့်သုံးနေသော လူငယ်ဆိုင် ကလေးမို့လားမသိ။ ကော်ဖီကို တစ်ခါသုံးခွက်ကလေးနှင့် ထည့်ပေး တော့ ဆိုင်အပြင်ကိုယူသွားပြီး သောက်လို့ ရတာ ပေ့ါ။ သူမက ဆိုင်ထဲမှာဘဲထိုင်သောက်ဖို့ ဆုံးဖြတ် လိုက်ပါသည်။ ဆိုင်ကလေးနှင့် ဒီလူငယ်လေးကို အကဲခတ် လေ့လာချင်သေးတာလည်းပါသည်။ ခဏ နေတော့ ဆိုင်ထဲကို ခပ်နွမ်းနွမ်း လူကြီးတစ်ယောက်ဝင်လာပါသည်။

“ကော်ဖီချစ်သူများ ရနိုင်မလားလို့ ငါ့တူရေ…. ”

“ရပါတယ် ဦးလေး… ဘာသောက်ချင်လဲ… မှာပါ”

“ခပ်ပြင်းပြင်းလေးကွာ…. ”

"ရမယ် ဦးလေး…. "

ထိုဦးလေးကြီးက ဒီဆိုင်ကလေးရဲ့ဓလေ့ကို သိထားလို့ပေါ့လေ။ သူ့ဆီက ကော်ဖီတစ်ခွက် ယူပြီး ဆိုင်အပြင်မှာ စာအုပ်တစ်အုပ် ထိုင်ဖတ်နေတော့သည်။ လူငယ်လေးက သူမကို လှမ်းကြည့်ကာ…

"အဲ့ဦးလေးက ပင်တိုင်ဖောက်သည်ပေါ့ ….၊ တစ်ခါတစ်လေ ညေ့သည်တောင် ပါသေးတယ်၊ ပြီးရင် စာအုပ်တစ်အုပ်နဲ့ အကြာကြီးထိုင်တော့တာ"

"ကောင်းပါတယ်ရှင်၊ ကုသိုလ်ရတာ ပေါ့၊ ဒီဆိုင်လေးဖွင့်တာ မကြာသေးဘူးနော်…. "

"ဟုတ်ကဲ့… နှစ်လလောက်ပဲရှိပါသေးတယ်၊ တစ်ဆိုင်လုံး ကျွန်တော်တစ်ယောက်ပဲ run ရ တာလေ"

"ဟုတ်ကဲ့…. ကျွန်တော့်မေမေက မုန့်ဖုတ်တာ အရမ်းဝါသနာပါတယ်ဗျာ၊ Cheese Cake လုပ် တာလည်းစပါယ်ရှယ်ပဲ…. အမြည်းလေးစားကြည့်ပါလား၊ ပိုက်ဆံမပေးရပါဘူး"

"ဟင်… တကယ်ကျွေးမှာလား၊ တော်ကြာ အရင်းပြုတ်နေပါဦးပါမယ်ရှင်"

"မပြုတ်ပါဘူးဗျာ…. မိတ်ဆွေအဖြစ်ပေါ့၊ ဒီလိုပဲ ဖိတ်ခေါ်ရတာ ပေါ့ဗျာ…"

ခဏနေတော့ သူက Strawberry Cheese Cake ကလေးတစ်စိပ် လာချပေးတော့ သူမ အား နာသွားရသည်။ ဘာရယ်မဟုတ် ခင်မင်ရင်းနှီးမှုကလေးက သူမဆီသို့ စိမ့်ခနဲ့ဝင်လာခဲ့သည်။

"ကျေးဇူးပါရှင်၊ ဩ… ကျွန်မ စိတ်ကူးရပြီ၊ ကျွန်မရဲ့ညေ့သည်တွေကို ရှင့်ဆိုင်ကလေးနဲ့ မိတ် ဆက်ပေးရမှာပေါ့"

“ဧည့်သည်…၊”

“ဟုတ်…၊ ကျွန်မက Tour Guide လုပ်နေတာ၊ နိုင်ငံခြားသား ဧည့်သည်တွေကို ဒီခေါ်လာခဲ့ မယ်”

“ဒါဆိုရင်တော့ ကျေးဇူးပါဗျာ… ကြိုဆိုပါတယ်”

သူ့ဆိုင်ကလေးထဲ Customers တချို့ကဆက်တိုက်ဆိုသလို ဝင်လာသဖြင့်…. သူမနှင့် စ ကားပြတ်သွားသည်။ ဝင်လာသူတိုင်းက ဆိုင်ကလေးကို သဘောမကျသူရယ်လို့မရှိပါ။ ပြီးတော့ Smile Face ကလေးနှင့် တံကင်ပြားလေးတွေအကြောင်းလည်း မမေးတဲ့သူရယ်လို့မရှိ။ သူ့ရဲ့ အဖြေ သံကို သူမတောင် အလွတ်ရလာသည်အထိပင်။ ပျော်တတ်သော ရွှတ်နောက်နောက် လူငယ်ကလေး တွေက ကော်ဖီချစ်သူတံကင်ကို သုံးကာ အလကား သောက်သွားသူတွေရှိသလို၊ တချို့ကတော့…. သဒ္ဓါပေါက်ကာ ဒါနကလေးတွေ ပြုသွားတတ်ကြတာကို သူမ မျက်မြင်ကိုယ်တွေ့။ သူမစိတ်ကလေးပင် အလိုလိုနွေးထွေး လို့လာသည်။

ဆိုင်ကလေးထဲကနေ သူမ ထွက်လာတော့… သူ့ဆိုင်ထဲ လူငါးယောက်လောက် တန်းစီနေပြီမို့ သူ့ကို တကူးတက နှုတ်မဆက်ခဲ့တော့။ နောက်တစ်ကြိမ် ပြန်လာဦးမှာ သေချာသောကြောင့်လည်း ဖြစ်သည်။ tissue paper ကလေးမှာတော့ စာကလေးတစ်ကြောင်း ရေးခြစ်ထားခဲ့သည်။

“Thank you for the cheese cake,so yummy…”

*

# အခန်း ( ၂ )

“Thank you for the cheese cake, so yummy…”

ထိုစာတန်းကလေးကို စားပွဲသိမ်းစဉ် အမှတ်တမဲ့ တွေ့လိုက်ရခြင်းဖြစ်သည်။ လက်ရေးလေးက လူကလေးလိုပဲ လှလိုက်တာ…။ ဆံနွယ်ညိုညိုခွေခွေလိပ်လိပ်ကလေးတွေကို ဘယ်ဘက်သို့ အားလုံး သိမ်းယူပြီး တခြားစောင်းလေးချထားခဲ့သော ဆံပင်ရှည်ရှည်နှင့် အမျိုးသမီးလေး။ ထူးထူးခြားခြားနက် မှောင်သွယ်တန်းသော မျက်ခုံးကော့ညွတ်တွေအောက်မှာ ထူထည်းမည်းခက်နေသော မျက်တောင်ထူ ထူတွေ ဝန်းရံထားသော တောက်ပရွှန်းစိုလွန်းသည့် မျက်လုံးလှလှတစ်စုံ။ ပြည့်ဝန်းလှပသော နုတ်ခမ်းဖူးပြည့်ပြည့်ကလေးနှင့် သူမ။ ဝတ်ထားခဲ့သော အကျႌအဆင်အရောင်ကိုပင်သူမမေ့။ မိုးပြာရောင်နုနု လွလွ ရင်ဖုံးလက်ပြတ်ကလေးပေါ်မှာ ပန်းဆီရောင်နှင်းဆီပွင့်ကလေးတွေပါသော ဇာအကျႌကလေးကို အောက်ကထဘီပန်းဆီရောင် ပြောင်ရှည်ရှည်ကလေးနဲ့ တွဲဖက်ဝတ်ထားသော ကိုယ်ခန္ဓာကလေးက သွယ်လျလျ ရှည်ရှည်ကလေး။ အရပ်မြင့်သော ကောင်မလေးတွေကို သူကြိုက်သည်။ သိပ်မပိန်လွန်း ဘဲ ကျစ်လျစ်ကြော့ရှင်းသော ခန္ဓာကိုယ်မျိုးဆို ယောကျ်ားတစ်ယောက်ပီပီ သူမက်မောပါသည်။ အဲ့ဒီ လှပကြော့ရှင်းလွန်းသော ကိုယ်တစ်ခုကြောင့်ပဲ။ သူ့နှလုံးသားနုနုကလေးဆီမှာ မှတ်လောက်သား လောက်အောင် ဒဏ်ရာနက်နက်ရခဲ့ဖူးတာ ခုချိန်ထိ လတ်ဆတ်နာကျင်တုန်း…။ အိပ်မက်ဆိုး တွေနဲ့ လန့်နိုးရတုန်း…။

လူတိုင်းလူတိုင်းမှာ သူတို့ဘဝရဲ့ ပထမဆုံးအချစ်ဦးဆိုတာ ရှိတတ်ကြမြဲပဲမဟုတ်လား။ သူ့ရဲ့ အချစ်ဦးဖြစ်ခဲ့သော ထိုမမကတော့ ရက်စက်လွန်းခဲ့ပါသည်။ အဲ့ဒီနေ့အကြောင်းကို ပြန်တွေးမိတော့… သူ့ဘယ်ဘက်ရင်အုံတစ်ခုလုံး ဆိုးဆိုးရွားရွားနာကျင်လာခဲ့သည်။ အဲ့ဒီ နောက်ပိုင်း သူ့ဘဝမှာ အဲ့ဒီအိပ်မက်ဆိုးကို ထပ်တလဲလဲမက်လာခဲ့သည်။ အဲ့ဒါဆို အခန်းထဲမှာ

သီချင်းတစ်ပုဒ်ကို အသံကုန်ဖွင့်ပြီး သူပေါက်ကွဲနာကျင်မိမြဲဖြစ်သည်။ မမရယ်... ရက်စက်လွန်း တယ် ခင်ဗျား...။

သူ ဆယ်ကျော်သက်ဘဝမှာ ပထမဦးဆုံး သူ့နှလုံးသားကို ညှို့မြူဖမ်းစားနိုင်ခဲ့သော သူ့ရဲ့အချစ်ဦးမှာ မမမြတ်နိုးပွင့်ဖြစ်သည်။ မမက အလွန်လှသည်။ အလွန်လှသည်ဆိုရာမှာ မမရဲ့ကိုယ်ခန္ဓာ ကောက်ကြောင်းတွေက ပို၍ လှသည်။ သူနှင့်မမက အိမ်ချင်းလည်းနီးတော့ မမကို သူအမြဲတမ်း တိတ်တခိုး စောင့်ကြည့်ငေးမောရင်း ပင့်သက်ဖြာရသည်က အခါခါ။ မမကလှတော့... မမကို ချူချင်သူတွေကလည်း များမှများ။ သူဖြင့် မမကို တစ်ရက်ကလေးမှ စိတ်မချနိုင်ပါ။ မမနှင့်သူ မကြာခဏဆိုသလို မျက်ဝန်းအကြည့်ချင်း ဆုံဖူးကြသည်။ ထိုအခါတိုင်း သူ့ရင်တစ်ခုလုံး ဝုန်းဒိုင်းကြဲကာ ပြောင်းဆန်သွားရတတ်သလောက် မမကတော့ သူ့ူမ၏ အကြည့်ကို ချက်ချင်းပြန်၍ မရတတ်သိမ်း တတ်ဘဲ ခပ်ရဲရဲစိုက်ကြည့်ကာ ပြုံးလိုက်တော့မလို နှုတ်ခမ်းဖူးဖူး ကလေးတွေ ကော့ညွတ်သွားပြီးမှ ဖျက်ခနဲအကြည့်ကို လွှဲတတ်သည်။ မမရဲ့ သဘောက သူခိုးခိုးကြည့်နေတာကို သူမ သိသားပဲဆိုသော အထာမျိုးဟု သူ ယူဆသည်။ အဲ့ဒီလိုနှင့် အချိန်အတော်လေးကြာအောင် သူ့မှာရင်နင့်လှိုက်မောလွန်း ရသည့် တိတ်တခိုး အချစ်တွေထဲမှာ နစ်မြုပ်ပျော်ဝင်နေခဲ့ရသည်။ သူငယ်ချင်းတွေက ရိပ်မိသွားသော အခါ သူ့ကို စွန့်စားဖို့၊ ဖွင့်ပြောဖို့ ဇွတ်တိုက်တွန်းမြှောက်ပေးကြသည်။

“မင်းဟာက မမိုက်ပါဘူးကွာ၊ IT ခေတ်မှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး ဟေ့ယောင်... တိတ်တခိုးဆိုတာကြီးသာ မရှိသင့်တာ၊ ကိုယ်တကယ်ချစ်တယ်ဆိုရင် ကိုယ်ချစ်နေတာကို သူ သိကို သိရမယ်၊ ဒါ ယောကျ်ားတစ်ယောက်ရဲ့အခွင့်အရေးပဲကွ၊ ချစ်ရင် လိုက်ကွာ၊ ပြောပြလိုက်... သူ့မှာ လိုက်နေတဲ့ ဘဲတွေက အများကြီး၊ အချစ်တွေကို ခံစားရုံသာ ခံစားပြီး ပြောပြခွင့်လေးတောင်မရဘူး ဆိုရင် မင်း လူဖြစ်ကျိုးမနပ်တာပဲ ရှင်းလား”

သူငယ်ချင်းနွေမင်းက ဆရာကြီးအထာနှင့်

စလိုက်သောဇာတ်လမ်းဖြစ်သည်။ သူကလည်း ရင် ထဲမှာ မြိုသိပ်ခံစားနေရလွန်းတာ သိပ်များလာတော့ ဖွင့်ဟစွန့်စားချင်စိတ်တွေ နိုးကြွလှုပ်ရှား လာခဲ့သည်။ ကိုယ့်ကိုကိုယ် သတ္တိတွေလည်းသွင်းကာ တွန်းအားပေးရသည်။ မမကို ဖွင့်ပြောတော့မယ်လို့ ဆုံးဖြတ်လိုက်သောနေ့က သူတို့လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်း သုံးယောက်ထိုင်ပြီး မမအလာကို စောင့်နေခဲ့သည်။ မမက ညနေဘက်ဆို အဖော်ကောင်မလေးတစ်ယောက်နှင့် မုန့်ထွက် စားလေ့ရှိသည်လေ။ သူတို့လမ်းထိပ်မှာ မုန်သည်မျိုးစုံနှင့် စည်လည်းစည်ကားလှ၏

ဘဝမှာ ပထမဆုံးအကြိမ် စွန့်စားမိသော လူပျိုပေါက်ကလေးတစ်ယောက်၏ နှလုံးသားခုန် ပေါက်သံက တဆိတ်ကြမ်းတမ်းလွန်းလှပါသည်။ သူ့ရင်ထဲမှာ ဆိုင်ကလုန်းမုန်တိုင်းတစ်စင်း ဗဟိုပြုပြီး တိုက်ခတ်နေတဲ့အတိုင်း။ ခုကတည်းက ခြေလက်တွေက အေးစက်ချင်ခဲ့ပြီ။ ဒူးတွေပင် ညွတ်ခွေတုန် ယင်လို့။ ဟား… သူ တော်တော်စိတ်လှုပ်ရှားနေတာပါလား။ ဟော… မျှော်တုန်းမျှော်ဆဲ မမကို မြင်ရ ပါပြီ။ လက်ဖက်ရည်ဆိုင်ထဲက ခေါင်းတွေအားလုံး ဆုံမှတ် တစ်ခုထဲမှာ ရပ်တန့်သွားကြသည့်အလား။ မျက်ဝန်းပေါင်းများစွာ၏ ဒဏ်ကို မမ ဘယ်လိုများ ခံနိုင်ရည်ရှိပါလိမ့်။ ကိုယ်ခန္ဓာကလေး ကြော့ကြော့ မတ်မတ်ခေါင်းကလေးက မတ်နေကာ မျက်နှာလှလှကလေးက မထီတရီဟန်ကလေးရှိသည်။ သိပ်လှ တဲ့ မိန်ကလေးတွေ ဟာ ယောကျ်ားတွေရဲ့အကြည့်ဒဏ်ကို နေသားတကျ ရှိသွားတာပဲလားမသိ။ မမကြည့်ရတာ လူတွေအားလုံးကိုဝိုင်းကြည့်တဲ့ဒဏ်ကို တစ်ချက်ကလေးမှ ရှုံးတိုးရှန့်တန့်ဖြစ်ပုံ မရပါ။

"ဟော့ကောင်… သွားတော့၊ ကံကောင်းပါစေဗျာ"

သူငယ်ချင်းတွေက ဇွတ်အတင်းတွန်းထိုးလိုက်တော့ သူ ယောင်ယောင်ကန်းကန်းဖြင့် မမအနားသို့ ချဉ်းကပ်သွားလိုက်မိသည်။ အဲ့ဒီခဏမှာ

သူ့ခြေထောက်တွေမြေပြင်နဲ့မတီသလိုပဲ။ သူ့တစ်ကိုယ်လုံး လေထဲမှာလွင့်ဝဲနေသော ရွက်ကြေတစ်ရွက်လို ခံစားရသည်။ သူ့ရင်ခုန်သံကို သူ ပြန် ပြီးကြားနေရတဲ့အထိ။ ဒူးတွေလည်း တုန်ယင်လို့။

"မမ"

သူအရဲစွန့်ပြီး မမဘေးမှာ ကပ်လျှောက်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးကို သူ မေ့သွားပြီ။ တစ်လောကလုံး မမနှင့် သူနှစ်ယောက်တည်းပဲရှိတော့သလို။ မမက မျက်ခုံးကလေးတစ်ချက်ပင့်ကာ သူ့ကိုကြည့်သည်။

"မမ... ကျွန်တော့်ကို သိလားဟင်... ကျွန်တော်မမရဲ့အိမ်မျက်စောင်းထိုးမှာ နေတယ်လေ..."

"သိသားပဲ... အဲဒါဘာဖြစ်လဲ... ပြော..."

"ကျွန်တော့်နာမည် မင်းပျိုလွင်... ပါ၊ ကျွန်တော် မမနဲ့စကားပြောချင်လို့... "

"ဘာပြောမှာလဲ... ဘာပြောစရာမှ မရှိဘူး၊ ဘာလဲ... မင်းကို တစ်ယောက်ယောက်က မြှောက် ပေးလိုက်တာပေ့ါလေ၊ မင်းက ဘာလဲ... ဟီးရိုးလာပြတာလား"

မမရဲ့အသံက အေးစက်လွန်းနေသဖြင့် သူအနည်းငယ် တုန်လှုပ်ရှားသွားခဲ့မိသေးသည်။ သို့သော် နောင်တတော့မရမိ။ အဲ့ဒီအချိန်မှာ ဘယ်လိုကဘယ်လို သတ္တိတွေဝင်လာခဲ့သလဲသူမသိ။ သူ့ ရင်ထဲမှာ ပြည့်သိပ်မွန်းကြပ်နေသော ခံစားမှုမှန်သမျှကို မမဆီမှာ ဖွင့်အန်သွန်ချလိုက်ဖို့သာ သူ့စိတ်တွေက ဇောကပ်နေခဲ့သည်။

"မဟုတ်ဘူး မမ ... လုံးဝ မဟုတ်ပါဘူး၊ မမကို ကျွန်တော်

အရမ်းချစ်နေလို့ပါ… မမသိအောင် မပြောရရင် ကျွန်တော် ရူးတော့မှာ… ”

“အေး… အဲ့ဒါ ငါ့ကို ချစ်ဦး”

အဖြစ်အပျက်က အရမ်းကို မြန်ဆန်လွန်းခဲ့သည်။ မမ၏ အင်အားအပြည့်ထည့်ထားသော လက်ဖဝါးတစ်ဖက်က သူ့ပါးပြင်နုနုကလေးဆီသို့ အရှိန်ခပ်ပြင်းပြင်း ကျရောက်လာခဲ့ခြင်းဖြစ်သည်။ ပထမဆုံး သူခံစားလိုက်ရတာ က သူ့မျက်ဝန်းတွေထဲ ကြယ်ပွင့်တွေ ပြိုးပြက်ဝင်းလက်သွားကာ မျက်နှာက လည်ထွက်သွားခဲ့သည်။ ဒုတိယခံစားချက်က တစ်လောကလုံး မှောင်အတိကျ သွားခဲ့သလို သူ့ခန္ဓာကိုယ်တစ်ခုလုံးက တစ်စစီလွင့်စင်ကြေမွသွားသော နာကျင်မှုဖြစ်သည်။ အား… နာလိုက်တာ။ ပါးပြင်မှာရော… ရင်ထဲမှာပါ အပြင်းအထန် နာကျင်သွားခဲ့တာပါ။ သူ့ မျက်နှာတစ်ခုလုံး ထူပူရှိန်းဖိန်းလာကာ မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်လာသည်။ သူ … သိပ်ရှက်ကြောက် နေခဲ့တာပါ။ ဒီပါးပြင်နုနုကလေးကို သူ့မေမေက အမြဲတမ်း တယုတယ နမ်းမွှေးနေခဲ့တာလေ။

“အဲ့ဒါ တစ်သက်စာပဲ မှတ်ထားလိုက်၊ နောက်ကို မလောက်လေးမလောက်စားနဲ့ ကိုယ်နဲ့ မတန်မရာကို တက်မှန်းရင် အဲ့ဒါမျိုးပဲ နင်ပြန်ရလိမ့်မယ်…. မှတ်ထား”

မမက သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်ခဲ့ပြီး ဆက်လျှောက်သွားခဲ့သည်။ လက်ဖက်ရည် ဆိုင်ထဲ က ရယ်မောသံတွေ၊ လှောင်ပြောင်သံတွေ၊ ဝေဖန်မှတ်ချက်ချသံတွေ အောက်မှာ သူ့တစ်ကိုယ်လုံး သေးငယ်မှုန်ဝါး ပျောက်ဆုံးသွားခဲ့တော့သည်။ ထိုအဖြစ်က နောက်ပိုင်းကာလ တောက်လျှောက်မှာ သူ့အတွက် အိပ်မက်ဆိုး တစ်ခုဖြစ်ခဲ့သည်မှာ အခုအချိန်ထိပါပဲ။ ခုအချိန်မှာ သူ့ဖီလင်ကို ပြောရလျှင် သူ မိန်းမတစ်ယောက်ကို ထပ်ချစ်ရမှာ ကြောက်သည်။ အကယ်၍ ချစ်သွားခဲ့မိလျှင်တောင် အဲ့ဒီမိန်းမကို ချစ်တယ်…. ဟု ဖွင့်ဟဝန်ခံရမှာကို သူ အသေအလဲ ကြောက်သွားခဲ့ပြီ။ မမက သူ့အ တွက် တစ်သက်စာ ဒဏ်ရာပေးသွားခဲ့ခြင်းဖြစ်သည်။

*

# အခန်း ( ၃ )

ဆိုင်တံခါးကို တစ်ယောက်ယောက်က တွန်းဖွင့်လာတိုင်း ကြားရသည့် ခေါင်းလောင်းသံ ကလေးကြောင့်... သူက I pad ကလေးဖြင့် အလုပ်များနေရာကနေ ဝင်လာသူကို ကြိုဆိုဖို့ လှမ်းကြည့်လိုက်မိသည်။ သူမ သူမကို ဒုတိယအကြိမ် ပြန်ဆုံချိန်မှာ သူ ကောင်းကောင်း မှတ်မိနေပြီ။ ဒီနေ့တော့ ပန်းရောင်ဇာရင်ဖုံးလက်ပြတ် ခါးတိုအကျႌကလေးနှင့် ပန်းနုရောင် ပြောင်ထဘီ ပျော့အိအိ ကလေးကို တွဲဖက်ဝတ်ထားသော သူမက ဆံနွယ်ရှည်ရှည်တွေကို ထုံးစံအတိုင်း ဘယ်ဘက်ရင်ဘတ် ဆီမှာ သိမ်ယူချထားလို့။ သူမနှင့်အတူ နိုင်ငံခြားသား စုံတွဲတစ်တွဲပါ ပါလာခဲ့သည်။

"မင်္ဂလာပါဗျာ... ကော်ဖီချစ်သူက ကြိုဆိုပါတယ်...."

"ကျွန်မကို မှတ်မိလား....ဟိုတစ်ပတ်က လာဖူးတယ်လေ၊ ဒီနေ့ ဧည့်သည်တွေကို ရွှေတိဂုံ ဘုရားလိုက်ပို့ပေးပြီးအပြန် ကော်ဖီသောက်ချင်တယ်ဆိုလို့ ရှင့်ဆိုင်ကလေးအကြောင်း သူတို့ကို ပြောပြပြီး သူတို့က စိတ်ဝင်စားလို့ ခေါ်လာတာ"

"မှတ်မိတာပေါ့ဗျာ...ဒီနေ့ ကျွန်တော် ဘာဖျော်ပေးရမလဲဟင်..."

ကျွန်မအတွက်က Cappuccinoနဲ့ ရှင့်မေမေရဲ့လက်ရာ Strawberry Cake တစ်ခုနော်၊ သူတို့ကိုကျွန်မ မေးလိုက်ဦးမယ်"

သူမက နိုင်ငံခြားသားတွေနှင့် စကားလှည့်ပြောနေကာ...ကော်ဖီချစ်သူ တံကင်ပြားဝိုင်း ကလေးတွေအကြောင်းပါ ထည့်ရှင်းပြနေသေးသည်။ ပြီးမှ သူ့ဘက်လှည့်ကာ...

"သူတိုစ်ခုနော်၊ သူတို့ကိုကျွန်မ မေးလိုက်ဦးမယ်"

သူမက နိုင်ငံခြားသားတွေနှင့် စကားလှည့်ပြောနေကာ...ကော်ဖီချစ်သူ တံကင်ပြားဝိုင်း ကလေးတွေအကြောင်းပါ ထည့်ရှင်းပြနေသေးသည်။ ပြီးမှ

သူ့ဘက်လှည့်ကာ…

“သူတို့အတွက် Espresso နှစ်ခွက်နဲ့ Apple Tart လုပ်ပေးနော်၊သူတို့က ကော်ဖီချစ်သူတုံကင်ဖိုး နှစ်ခွက်စာပါထည့် ရှင်းချင်တယ်…ကျွန်မကတစ်ခွက်ပေ့ါ”

သူမက ပိုက်ဆံရှင်းပေးပါသည်။

“ကျေးဇူးပါဗျာ…”

သူမတို့က ဆိုင်ထဲက စားပွဲဝိုင်းတစ်ခုကိုပဲ ရွေးချယ်လိုက်ကာ အေးအေးဆေးဆေး စကား တွေပြောလျက် ရှိသည်။ သူက ကော်ဖီခွက်တွေကို ဗန်းနှင့်သယ်ကာ သွားချပေးလိုက်သည်။ မုန့် ပန်းကန်တွေကိုပါ ချပေးလိုက်သည်။ သူမ၏ အင်္ဂလိပ်စကားပြောသံလေးက သာယာနာပျော်ဖွယ်လေးနဲ့ နားထောင်လို့ကောင်းလိုက်တာ။ သူ့ရှေ့မှာ မြန်မာမကလေးတစ်ယောက် မြန်မာဝတ်စုံကလေး ဝတ်ပြီး ကိုယ့်မြန်မာပြည်ရဲ့ လှပတင့်တယ်မှု၊ ဂုဏ်သရေတွေနဲ့ စိတ်ဝင်စားဖွယ်ဓလေ့၊ ယဉ်ကျေးမှုတွေကို အင်္ဂလိပ်သံပီပီသသကလေးနဲ့ ရှင်းပြနေသောအဖြစ်ကို သူဂုဏ်ယူကျေနပ်လိုက်တာ။သူမအပေါ်လည်း

လေးစားအထင်ကြီး ခင်မင်စိတ်ကလေး ဝင်လာခဲ့သည်။ ဘာကြောင့်မှန်းမသိ သူမ၏ လက်ဟန်ခြေ ဟန်ကလေးနှင့် စကားပြောဟန်ကလေးကိုသူမကြာခဏမသိမသာ လှမ်းလှမ်းကြည့်မိသည့်။ သူမ အသက်ဟာ အလွန်ဆုံးရှိလှမှ နှစ်ဆယ်ပေ့ါ။ သူနဲ့ ရွယ်တူလောက်ပဲရှိမှာပါ။ ကြိုးစားအားထုတ် မှုတို့ကြောင့် လင်းလက်တောက်ပနေသော အနာဂတ် သူမမှာရှိသည်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချ မှုရှိလေ ရဲရင့်ထက်မြက်မှုကလေးက သူမ၏ မျက်နှာလှလှလေးပေါ်မှာ ထင်ရှားစွာလင်းဖြာလို့။ သူမ၏ tour guide ကလေးအဖြစ်နဲ့ ဘဝကို ကျေနပ်ရောင့်ရဲနေမယ့် သူမျိုးလေး မဟုတ်။ သူမနှင့် အေးအေး ဆေးဆေး စကားပြောခွင့်ရချင်လိုက်တာ။

“ကလင်… ကလင်”

ရုတ်တရက်မြည်လာသော ဖုန်းသံကလေးကြောင့် သူဖုန်းပြောလိုက်ရင်း စိတ်ကူးတစ်ခုက ဖျက်ခနဲပေါ်လာသည်။ သူမက သူ့ဘက်သို့ မျက်နှာမူ၍ ထိုင်နေတာမို့ သူမ၏ ပြုံးပြနေသော မျက်နှာ ကလေးကို သူ ရှင်းလင်းစွာ မြင်ခွင့်ရနေသည်။ ဖုန်းပြောရင်း သူ့ဖုန်းကင်မရာကလေးနှင့် သူမ၏ ပုံက လေးကို မထင်မှတ်ဘဲ ရိုက်ယူထားလိုက်မိသည်။ ဖုန်းက ထုံးစံအတိုင်း နွေမင်းဆီကဖြစ်သည်။ ညနေ ဆိုင်ပိတ်ပြီးရင် သူငယ်ချင်းတွေဆုံနေကျအတိုင်း ဆုံကြဖို့ဖြစ်သည်။

"အေး အေး... ငါလာခဲ့မယ် နွေမင်း၊ ဒါဘဲ ဟေ့ကောင်... ဘိုင့်"

သူ ဖုန်းချလိုက်ပြီး ဖုန်းထဲဝင်လာသော သူမ၏ ပုံကလေးတွေကို ပြန်ဖွင့်ကြည့်ရင်း ခိုးကြောင် ခိုးဂှက်နှင့် လိပ်ပြာမလုံသလို ခံစားရသည်။ သူ ဘာကြောင့် ဒီလို လုပ်လိုက်မိတာပါလိမ့်။ သူ့ကိုယ်သူ နားမလည်နိုင်ပါ။ ကိုယ့်ဆိုင်ကို လာအားပေးသော customer တစ်ယောက်၏ ပုံကို ခိုးရိုက်ယူမိတာဟာ သူတစ်ယောက်ပါးရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကျူးကျော်စော်ကားလိုက်မိတာပဲ။ ဒါဖြင့် ပုံတွေကို ပြန် ဖျက်ရမလား။ ဟင့်အင်း... သူသိမ်းထားချင်မိသေးသည်။ ဖျက်ရမှာ နမျောတွန့်ဆုတ်လို့နေသည်။ ခဏ နေတော့ ဆိုင်ထဲ customer တွေ တဖွဲဖွဲဝင်လာသဖြင့် သူ အလုပ်များသွားခဲ့သည်။ ဘယ်အချိန် သူမ တို့ ပြန်သွားလိုက်မှန်ပင် မသိလိုက်။

သူမစားပွဲပေါ်က ခွက်တွေသွားသိမ်းတော့ တစ်သျှူးပေါ်မှာ သူမများ တစ်ခုခုရေးထား ခဲ့ဦး မလားဟု ရှာမိသေးသည်။ ဘာမှမရေးထားခဲ့ပါ။ တစ်ခုပဲ... နှုတ်ခမ်းနီစွန်းပေ နေသော တစ်သျှူးအခေါက်လိုက်ကလေးကိုတော့ သူ လွှင့်မပစ်မိဘဲ အကြောင်းပြချက်မဲ့စွာဖြင့် သိမ်း ထားလိုက်မိသည်။

အဲ့ဒီညနေက သူငယ်ချင်းတွေနှင့်ဆုံတော့ သူမအကြောင်းကို တကူးတက ပြောပြမိသေးသည်။ မမနောက်ပိုင်းဘယ်မိန်းကလေးအကြောင်းမှ စကားမစခဲ့သော သူ့ဆီကနေ မိန်ကလေးတစ် ယောက်အကြောင်းစတင်၍

ကြားရသောအခါ နွေမင်းတို့ တအံ့တသြ၊ စိတ်ဝင်တစား နားထောင်ကြ သည်။

"သူက tour guide မ, ကလေးကွာ၊ မြန်မာရင်ဖုံးလက်ပြတ်ကလေးမှာ ရင်ထိုးလှလှကလေး တစ်ခု ချိတ်ထားတတ်တယ်၊ ဆံပင်အရှည်က အောက်မှာ ဝေ့ဗ်ကြီးကြီးလေးတွေ ခွေလိပ်ထားတာ မိုက်တယ်ကွ၊ ဘယ်ဘက်ရင်ဘက်ပေါ်မှာ တစောင်းချထားတတ်တယ်"

"အဲ့ဒီတော့… မင်းက စိတ်ဝင်စားသွားရောလား"

နွေမင်း၏ အမေးက သူ့မျက်နှာကို ဖြန်းခနဲပူနွေးသွားစေပါသည်။

"ဟင့်အင်း… စိတ်ဝင်စားတယ်တော့ မဟုတ်ပါဘူး၊ သူ့ပုံစံက ထူးခြားလို့ ဒီအတိုင်းပဲ မင်းတို့ကို ပြောပြတာပါ"

သူ့စကားကို ဘယ်သူကမှ ယုံကြည်ဟန်မပြကြပါ။ "tour guide တစ်ယောက်က မြန်မာအကျႌဝတ်တာ၊ ဆံပင်ရှည်ကို ရင်ဘက်ပေါ် တစောင်းချတာက ထူးမှမထူးဆန်းဘဲ၊ ထူးဆန်း တာက မင်းဆီက ကောင်မလေးတစ်ယောက်အကြောင်းစပြီး ပြောသံကြားရတာ မမြတ်နိုးပွင့် ပြဿနာပြီးက မင်း ကောင်မလေးတွေကို စိတ်ဝင်စားဟန်မပြတော့တာ ဘယ်လောက်ကြာပြီလဲ"

"ဟာကွာ… ခုဟာက ကြုံလို့ပြောပြတာပါ မင်းတို့ကလည်း"

သူ ပျာပျာသလဲ ငြင်းဆန်မိရင်း ဖုန်းထဲမှာ သူမပုံကို ဓာတ်ပုံခိုးရိုက်လာတာကို သူတို့ကိုမပြ တော့ဖို့ ဆုံးဖြတ်လိုက်သည်။ ဒီကောင်တွေက တော်တော်မလွယ်တဲ့ကောင်တွေ။

*

အခန်း (၄)

မြင်လိုက်ရသော မြင်ကွင်းတစ်ခုကြောင့်… သူ့ခြေလှမ်းတွေ တုန့်ခနဲရပ်တန့်သွား၏၊ သူမ… တနင်္ဂနွေထောင့် ရှေ့မှာကြဲ့ကြဲ့မတ်မတ်ကလေးထိုင်ပြီး ဘုရားရှိခိုးနေသောဟန်ကလေးက ရှင်းသန့်ကြည်လင် လွန်းလိုက်တာ။ သူ့နှလုံးသားနေရာက နွေးထွေးစွာခုန်လှုပ်လာပြီး သူ … သူမ၏ နံဘေးမှာ မရဲတရဲကလေး ဝင်ထိုင်လိုက်မိသည်။ ပြီးတော့ …. ဘေးတိုက်မြင်နေရသော မျက်နှာ ကြည်ကြည်ရှင်းရှင်းမလေးကို တမေ့တမော စိုက်ကြည့်နေခဲ့မိသည်။ သူမကို ထိုင်ကြည့်နေရတာ ငြိမ်းချမ်းလွန်းလိုက်တာ။ အတော်လေးကြာအောင် ရှိခိုးဦးချပြီးတော့မှ သူမမျက်လုံးတွေ ပြန်ဖွင့်ခါနီး ကျမှ သူ ဖျတ်ခနဲထကာ ခပ်လှမ်းလှမ်းသို့ရောက်အောင် ခပ်သွက်သွက်လျှောက်လိုက်ပြီးမှ သူမရှိရာဆီ အသာပြန်လျှောက်လာခဲ့သည်။ သူမကလည်း ထအရပ် သူကလည်း သူမ ရှေ့နားကအဖြတ် ….

“ဟယ်… ကော်ဖီချစ်သူမှလား…”

သူမက သူ့ကို မြင်သွားပါသည်။ သူက အခုမှ မြင်သွားဟန်ဖြင့် မပိမရိပြုံးကာ အံ့ဩဟန်ပြရသည်။

“ဟာ… သူ…”

“ဘယ်လို… ကျွန်မပါ… သူ မဟုတ်ပါဘူးရှင်၊ ဩော်… ဖြစ်မှဖြစ်ရလေ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် နာမည်တွေမှမသိကြတာ ကျွန်မနာမည် ရွှင်လန်းမဒီပါ”

“ကျွန်တော်က… မင်းပျိုလွင်… ပါ”

“ဘုရားလာတာလား ကိုမင်းပျိုလွင်… ကျွန်မလည်း တနင်္ဂနွေနေ့တိုင်း ဘုရားတက် နေကျလေ၊ မဆုံဖြစ်ကြဘူးနော်”

"ဆုံချင်လည်း ဆုံမိမှာပေါ့လေ၊ အရင်က တစ်ယောက်နဲ့ တစ်ယောက် သတိမှမထားမိကြတာ"

"ဟုတ်မှာပေါ့… ကဲ… ကျွန်မ တစ်ပတ်ပတ်လိုက်ဦးမယ်နော်… နောက်တွေ့သေးတာပေါ့"

"ဟုတ်ကဲ့…"

သူမက … ဘုရားရေသပ္ပါယ်တာ… ကန်တော့တာတွေ လုပ်နေပြီးတော့မှ ဘုရားကို တစ်ပတ်ပတ်သည်။ သူက သူမနှင့် မလှမ်းမကမ်း နောက်ဘက်အကွယ်တစ်နေရာရာကနေ သူမ သွားရာနောက်ကို မသိမသာလိုက်ကြည့်နေမိသည်။ သူမ သူ့ကို မမြင်အောင်လည်း အရှောင်အတိမ်း အကာအကွယ်ယူရတာ အမော။ သူမကတော့ သူ့ကို သတိထားမိဟန်မတူပါ။ တစ်ယောက်တည်း အေးအေးဆေးဆေး ဘုရားပတ်ပြီးမှ ပြန်ဆင်းသွားခဲ့သည်။ ဆင်းခါနီး ဓာတ်လှေကားအဝမှာ ခုမှပဲ ပြန်ဆုံသလို သူဟန်ဆောင်ရပြန်သည်။ သူ့ကို ပြန်တွေ့တော့ သူမက မျက်ခုံးကလေးပင့်ကာ နှုတ်ဆက်သည်။

"ဟော… တွေ့ပြန်ပြီ… ပြန်ပြီလား"

"ဟုတ်ကဲ့…၊ ကော်ဖီချစ်သူကို လာခဲ့ဦးလေ"

သူ အရဲစွန့်ပြီး ဖိတ်ခေါ်လိုက်မိသည်။ သူမက ပြုံး၍ ခေါင်းညိတ်ပါသည်။

"လာမှာပေါ့… မနက်ဖြန်တောင် ရောက်ဖြစ်မလား မသိဘူး၊ ဧည့်သည်တွေကို ဘုရားပို့စရာ ရှိတယ်၊ ပြီးရင် ခေါ်ခဲ့မယ်လေ"

ဓာတ်လှေကားထဲမှာ လူတွေပြည့်နေတော့ သူမအနားမှာ သူ ရောက်သွားသည်။ သူမနှင့် အသားချင်းမထိမိအောင် ကြိုးစားရင်း သူမဆီကနေလွင့်လာသော မွှေးရနံ့သင်းသင်းကလေးကို အသက်ခပ်ဖွဖွဖြင့် ရှူရှိုက်မိရသည်။ သူမပုံစံလေးက ဘာမှမထူးဆန်းသလောက် သူကတော့

တစ်ယောက်တည်းနှင့် ယောက်ယက်ခတ်နေရသည့်အဖြစ်။ အဲ့ဒါ ဘာဖြစ်တာပါလိမ့် သူ ဘာဖြစ်လို့ အဲ့ဒီလောက် စိတ်လှုပ်ရှားလွန်းနေရတာ လဲ။ သူ့မျက်နှာများ ပျက်ယွင်းသိသာနေမှာလား။ သူမကတော့ အေးဆေး...ဘုရားအောက်ခြေရောက်တော့ သူမက သူ့ကို လှည့်ကြည့်ပြီး...

“ကိုမင်းပို့ျလွင်က ဘယ်သွားမှာလဲ?”

ဟု မေးတော့ သူ ဘာဖြေရမှန်းမသိ။

“ဗျာ”

“ဩော်...ကျွန်မမေးတာက သွားမယ့်နေရာတူရင် တက္ကစီ တစ်စင်းတည်းငှားပြီး နှစ်ယောက်ရှယ်လို့ရတယ်လေ...တစ်ယောက်တစ်ဝက်ပေါ့”

ကြည့်စမ်း။ အလွန်လက်တွေ့ဆန်သော မိန်းကလေးပါလား...။

“ရွှန်းလန်းမဒီ...က ဘယ်ပြန်မှာလဲ”

“ကျွန်မအိမ်က စမ်းချောင်းထဲမှာ”

“ဒါဆိုရတယ်...ကျွန်တော်လည်း စမ်းချောင်းဘက်ပဲသွားမယ်”

“ဟုတ်ရဲ့လားဟယ်...အားမနာနဲ့နော်...တစ်လမ်းစီဆိုရင် သတ်သတ်စီပဲသွားရအောင်...”

“ဟာ...တကယ်ပါ...ကျွန်တော် စမ်းချောင်းဘက်ပဲသွားမှာ၊ ကျွန်တော် တက္ကစီငှား လိုက်မယ်နော်”

တက္ကစီတွေ အများကြီးထဲက ခပ်သန့်သန့်တစ်စီးကို သူငှားလိုက်သည်။ သူမ လှမ်းပြောသော လိပ်စာကို စွဲနေအောင်မှတ်ထားလိုက်သည်။ သူက ရှေ့ခန်းမှာထိုင်ပြီး သူမက နောက်ခန်းမှာ ထိုင်သည်။ သူက ဘာကို စိတ်လှုပ်ရှားနေမှန်းမသိ။ နှလုံးသားနေရာဆီက တသိမ့်သိမ့်...တငြိမ့်ငြိမ့်နှင့်။

“ဩော်... ခုမှ သတိရတယ်၊ ကိုမင်းပျိုလွင့်မေမေက ကိတ်မုန့် အော်ဒါတွေဘာတွေမှာရင် လက်ခံလားဟင် ကျွန်မမှာချင်လို့ ... ရှင့်မေမေရဲ့ Strawberry Cheese Cake ကို တကယ်အသည်းစွဲသွားလို့”

“ရတာ ပေါ့... ရှင်လန်းမဒီ၊ ဘယ်နေ့လောက်မှာချင်လို့လဲ၊ မွေးနေ့အထိမ်းအမှတ်လား...”

“ဟုတ်ကဲ့...၊ ရှေ့လ ရှစ်ရက်နေ့ မွေးနေ့အတွက် ကိတ်မှာမလားလို့...၊ သူငယ်ချင်းတွေကို အင်းလျားကန်ဘောင်မှာ လိုက်ကျွေးရင် မွေးနေ့ကိတ်ကလေးပါ ခွဲမလို့လေ”

“သိပ်ရတာ ပေါ့...၊ ကျွန်တော် မေမေ့ကို မှာထားပေးမယ်၊ ကိတ်လာပို့ပေးရမလား... အင်းလျားကန်ဘောင်ကို လာပို့ပေးမယ်လေ”

“အယ်... ရပါတယ်၊ ကျွန်မပဲဆိုင်မှာ လာယူမယ်၊ သူငယ်ချင်းတွေက တစ်မျိုးထင်ပြီး နောက်မှာစိုးလို့၊ ဒါဆိုရှစ်ရက်နေ့ ကျွန်မ ကော်ဖီချစ်သူကိုပဲ လာယူလိုက်မယ်နော်...”

“ရှင်လန်းမဒီ ဖုန်းနံပါတ်ကလေး ပေးထားပါလား၊ ကျွန်တော် ကိတ်ရတာ နဲ့ ဖုန်းဆက်ပေးမယ်လေ”

“ရပါတယ်... (၀၉........) ပါ”

“ကျွန်တော် အခု လှမ်းခေါ်လိုက်မယ် . . missed call ပေးထားလိုက်မယ်... ကျွန်တော့်နံပါတ်ပါ မှတ်ထားလိုက်ပေါ့”

သူက ချက်ချင်းပဲ သူမဖုန်းကို လှမ်းခေါ်လိုက်ပြီး၊ သူမနံပါတ်ကို VIP ထဲ ချက်ချင်းသွင်းမှတ်လိုက်သည်။ သူမပြောသော လိပ်စာသို့ ရောက်သောအခါ သူမက ကားပေါ်ကဆင်းပြီး သူ့လက်ထဲသို့ ထောင်တန်အသစ်ကလေးတစ်ရွက် လှမ်းထည့်ပေးရင်း နှုတ်ဆက်သည်။

"သွားပြီနော် ... ကိုမင်းပျိုလွင်၊ နောက်ဆုံးသေးတာပေါ့"

သူမ တက်သွားတာက... ကန်ထရိုက်တိုက်ခန်းတစ်ခု။ ဘယ်အခန်းလဲ သူ မသိ။ တက္ကစီသမားက သူ့ကို...

"ငါ့ညီက ဘယ်ဆက်သွားမှာတုံး"

ဟု လှမ်းမေးသည်။ သူပြန်ရမှာက မြို့ထဲဘက်ကို။ တက္ကစီသမားက သူ့ကို ပြုံးစိစိနှင့် လှမ်းကြည့်တာကို သူ အခံရခက်သွားလေသည်။

"ဘာပြုံးတာလဲ... ခင်ဗျားက..."

သူ ခပ်တည်တည်နှင့် ဟောက်ပစ်လိုက်သည်။

*